# မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့
## နေ့စဉ်ဈေးကွက်သတင်းလွှာ

myantrade

October 20, 2020 Volume 36, Number 14


**၂၀.၁၀.၂၀၂၀**

| | |
|---|---|
| ကမ္ဘာ့ရွှေဈေး | = ၁၉၀၀ US$ |
| မြန်မာ့ရွှေဈေး | = ၁၃၁၃၅၀၀ ကျပ် |
| ဒေါ်လာဈေး | = ၁၃၂၀/- ကျပ် |
| CBM Rate | = ၁၂၉၃.၉ ကျပ် |
| ယူရို တစ်ယူရို | = ၁၅၂၄.၈ကျပ် |
| စင်္ကာပူတစ်ဒေါ်လာ | = ၉၅၃.၄၀ ကျပ် |
| စတာလင်ပေါင်တစ်ပေါင် | = ၁၆၇၇.၆ ကျပ် |
| ဩစတြေးလျတစ်ဒေါ်လာ | = ၉၁၀.၈၀ ကျပ် |
| တရုတ်ယွမ် (တစ်ယွမ်) | = ၁၉၃.၇၀ ကျပ် |
| အိန္ဒိယရူပီး (တစ်ရူပီး) | = ၁၇. ၆၂၀ ကျပ် |
| ကိုရီးယားဝမ်တစ်ရာ | = ၁၁၃.၅၈ကျပ် |
| မလေးရှားရင်းဂစ် | =၃၁၁.၈၂ ကျပ် |
| ၂ ထိုင်းဘတ်တစ်ဘတ် | =၄၁.၃၉၂ ကျပ် |

Source: CBM Rate, etrademyanmar.com

## ပို့ကုန်ကဏ္ဍအားလုံး ပြည်ပတင်ပို့မှု တစ်ပတ်ကျော်အတွင်း ကန်ဒေါ်လာသန်း ၃၀၀ ကျော်လျော့ကျ

မြန်မာနိုင်ငံ၏ အဓိကပို့ကုန်များဖြစ်သော စက်မှုကုန်ချော၊ သတ္တု၊ လယ်ယာနှင့် ရေထွက်ကုန်အပါအဝင် ပြည်ပတင်ပို့မှုကဏ္ဍအားလုံးသည် တစ်ပတ်ကျော်ကာလအတွင်းမှာပင် ကာလတူထက် အမေရိကန်ဒေါ်လာသန်း ၃၀၀ ကျော်လျော့ကျနေကြောင်း စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၏ စာရင်းများအရတွေ့ရသည်။ ၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ်စ အောက်တိုဘာလ ၁ ရက်မှ ၉ ရက်အတွင်း ပြည်ပသို့ ပို့ကုန်ကဏ္ဍကြီးအသီးသီးမှ စုစုပေါင်း တင်ပို့မှုဝင်ငွေသည် ကန်ဒေါ်လာ ၁၃၂ ဒသမ ၁၈၄ သန်းသာရှိပြီး ယမန်နှစ် ကာလတူက ကန်ဒေါ်လာ ၄၅၅ ဒသမ ၁၁၂ သန်း ရရှိခဲ့သည့်အတွက် ယခုနှစ်ပို့ကုန်ဝင်ငွေမှာ ကာလတူထပ် ကန်ဒေါ်လာ ၃၂၃ သန်းခန့် ပို့ကုန်ပမာဏဝင်ငွေ လျော့ကျခဲ့သည်။

အဓိက ပို့ကုန်ကဏ္ဍကြီးတစ်ခုဖြစ်သည့် စက်မှုကုန်ချောတင်ပို့မှုမှ ပို့ကုန်ဝင်ငွေသည် ကန်ဒေါ်လာ ၄၅ သန်းကျော်ရှိပြီး ကာလတူက ၁၉၆ သန်းကျော်ရှိခဲ့ရာ ယခုဘဏ္ဍာနှစ်တွင် ကန်ဒေါ်လာ သန်း ၁၅၁ သန်းကျော်ဖြင့် အများဆုံးလျော့ကျခဲ့သည်။ သတ္တုကဏ္ဍတင်ပို့မှုမှ ကန်ဒေါ်လာ ၁၇ သန်းကျော်သာရှိပြီး ကာလတူက ၁၃၂ သန်းဖိုးတင်ပို့နိုင်ခဲ့ရာ ယခုဘဏ္ဍာနှစ်တွင် ကာလတူထပ် သတ္တုပို့ကုန်ဝင်ငွေ ကန်ဒေါ်လာ ၁၁၄ သန်းကျော်လျော့ကျခဲ့သည်။ ထို့ပြင် လယ်ယာထွက်ကုန်တင်ပို့မှုသည် ယမန်နှစ်ကာလတူက ကန်ဒေါ်လာ ၇၈ သန်းကျော်ရရှိထားသော်လည်း ယခုနှစ်တွင် ကန်ဒေါ်လာ ၄၃ သန်းကျော်သာရှိသည့်အတွက် ယင်းကဏ္ဍမှ ယခုနှစ်ပို့ကုန်ဝင်ငွေ ၃၄ သန်းကျော် လျော့ကျခဲ့သည်။

အလားတူ ပြည်ပသို့ရေထွက်ကုန်တင်ပို့မှုသည် ကန်ဒေါ်လာ၂၀ ဒသမ ၁၆၀ သန်းဖိုးသာတင်ပို့နိုင်ပြီး ယမန်နှစ်ကာလတူက ၂၇ ဒသမ ၄၃၅ သန်းဖိုးတင်ပို့နိုင်ခဲ့ရာ ကန်ဒေါ်လာ ၇ သန်းကျော်လျော့ကျခဲ့သည်။ မြန်မာ့ရေထွက်ကုန်သည် ပြည်ပဝယ်လိုအားကျဆင်းခြင်းနှင့် နယ်စပ်မှတင်ပို့မှုတွင်လည်း သယ်ယူပို့ဆောင်ရေးအခက်အခဲများကြောင့် ရေထွက်ပစ္စည်းပြည်ပတင်ပို့မှုလျော့ကျလာနေကြောင်း မြန်မာနိုင်ငံရေထွက်ပစ္စည်း ထုတ်လုပ်သူများနှင့် ပို့ကုန်လုပ်ငန်းရှင်များအသင်း၊ ဗဟိုကော်မတီဝင် ဦးရဲမင်းကပြောသည်။

ပြည်ပသို့ ရေထွက်ကုန်တင်ပို့မှု သွားနေသေးသော်လည်း Stay at Home စတင်ချိန်မှစ၍ ပြည်ပတင်ပို့မှု စုစုပေါင်းသည် တစ်ပတ်လျှင် ကွန်တိန်နာ ၁၀ လုံးဝန်းကျင်သာရှိပြီး လက်ရှိအမေရိကန်ဒေါ်လာနှင့် မြန်မာငွေလဲလှယ်နှုန်းဆက်တိုက်ကျဆင်းလာခြင်းကြောင့်လည်း ရေထွက်ကုန်တွင် ထိခိုက်မှုများရှိသည်ဟု ၎င်းက ဆိုသည်။ ''အရေအတွက်တော့ အရမ်းနည်းသွားတယ်။ လုံးဝကြီး ရပ်ဆိုင်းသွားတာတော့


CONTACT US

ကုန်သွယ်မှုသတင်းအချက်လက်နှင့် သုတေသနဌာနခွဲ

ဖုန်း ဝ၁-၃၇၁၂ဝ၃
ဝ၁-၃၇၆၄၁၆
ဝ၁-၃၇၆၄၉ဝ
ဖက်စ် ဝ၁- ၃၇၆၄၁၆

http://www.myantrade.gov.mm
myantradetir2016@gmail.com

မဟုတ်ဘူး။ လက်ရှိအနေအထားမှာ ပြည်ပအမှာစာပေးတာက အရမ်းနည်းနေတယ်။ ပြည်ပ demand က ဧပြီလ ဆိုတဲ့ အချိန်တုန်းက ထပ်တောင်မှ ပိုဆိုးတဲ့အနေအထားမျိုးဖြစ်နေတယ်။ ကွန်တိန်နာနဲ့သွားတဲ့ ရေလမ်းကြောင်းတင်ပို့မှုရော၊ နယ်စပ်တင်ပို့မှုမှာပါ လက်ရှိအခြေအနေမကောင်းဘူး''ဟု ၎င်းကပြောသည်။

ပြီးခဲ့သောသကြန်ပြီးကာလအထိ ပြည်ပသို့ထွက်သော ရေထွက်ကုန်ကြမ်း ၆၀ ရာခိုင်နှုန်းဝန်းကျင်သည် နယ်စပ်ထွက်ပေါက်မှထွက်နေသည့်အတွက် ပြည်ပတင်ပို့မှုလျာထားချက်ကို အတိုင်းအတာတစ်ခုထိ မျှော်မှန်းခဲ့သော်လည်း လက်ရှိပြည်တွင်းကုန်စည်ပို့ဆောင်ရေးအခက်အခဲပြဿနာရှိခြင်းကြောင့် ပြည်ပတင်ပို့မှုလျာထားချက်ပမာဏပြည့်မီရန် မလွယ်တော့ပေ။ ''အခုချိန်ကျတော့ နယ်စပ်ထွက်ပေါက်မှာပါ အခက်အခဲတွေရှိပြီးတော့ ပြည်တွင်းမှာ ကုန်ကြမ်းတွေများပြီး ငါးမွေးတဲ့တောင်သူပါ ဈေးကျတဲ့ ဒုက္ခနဲ့ ကြုံတွေ့နေတဲ့အနေအထားဖြစ်နေတယ်''ဟု ဦးရဲမင်းကဆိုသည်။

ရေထွက်ပို့ကုန်မှ နယ်စပ်တင်ပို့မှုအတွက် လုပ်ငန်းရှင်များအဆင်ပြေရန် လိုအပ်သည့်ထောက်ခံချက်များကို ငါးလုပ်ငန်းအဖွဲ့ချုပ်နှင့် ရေထွက်ကုန် တင်ပို့ရောင်းချသူများအသင်းက လုပ်ဆောင်ပေးနေသည်ဟုသိရသည်။ ရန်ကုန်တိုင်းတွင် ရောဂါပြန့်ပွားမှု မြင့်တက်နေသည့်အတွက် ဗဟိုစံပြငါးဈေးဒိုင်သည်ပိတ်ထားရသည်။

**Source:** https://myanmar.mmtimes.com/news/145289.html

## ကိုဗစ်စစ်ဆေးမှုများကြောင့် တရုတ်နယ်စပ်ဂိတ်များတွင် ကြန့်ကြာမှုများဖြစ်ပေါ်ကာ ဖရဲဈေးကွက် ၅၀ ရာခိုင်နှုန်းထိကျဆင်း




(CoVID-19) ကပ်ရောဂါအခြေအနေကြောင့် တရုတ်-မြန်မာ နှစ်နိုင်ငံလုံးတွင် စစ်ဆေးကန့်သတ်မှုများ ဆောင်ရွက်နေခြင်းကြောင့် ကြုံတွေ့နေရသော သယ်ယူပို့ဆောင်ရေးနှင့် ရောင်းချမှုဆိုင်ရာ အခက်အခဲများရှိနေသည့်အတွက် ဖရဲဈေးကွက်အမှာ ၅၀ ရာခိုင်နှုန်းထိ ကျဆင်းသွားကြောင်း မူဆယ် (၁၀၅) မိုင်၊ ကုန်သွယ်ရေးဇုန် သစ်သီးဝလံကုန်စည်ဒိုင်မှ သိရသည်။

လက်ရှိကာလတွင် မြန်မာတောင်သူများ စိုက်ပျိုးထုတ်လုပ်တင်ပို့ရောင်းချနေသော သစ်သီး (ဖရဲ၊ သခွားမွှေး) များ တရုတ်ပြည်သူ့သမ္မတနိုင်ငံသို့ နယ်စပ်ကုန်သွယ်ရေးဖြင့် တင်ပို့ရောင်းချသည့် ရာသီရောက်နေပြီဖြစ်ပြီး လက်ရှိတွင် အကြောင်းအမျိုးမျိုးကြောင့် ကျင်ဆန်းကျော့ဂိတ်ပေါက်တွင် အဝင်နှေးနေခြင်း၊ နေအပူရှိန်မြင့်တက်နေခြင်းကြောင့် နေလောင်ခြင်းနှင့် မိုးဖရဲမှာ အပုတ်များသောကြောင့် ဈေးကွက်ထက်ဝက်ခန့် လျော့ကျနေကြောင်းသိရသည်။

ယင်းအပြင် ဖရဲကားများ ဝမ်တိန်အတွင်းသို့ ဝင်ရသည့် ကားအရေတွက် နည်းနေပြီး ၁၀၅ မိုင်နှင့် ဝမ်တိန်ကြားကားလက်ကျန်များရှိကာ ဝင်လို့ရသည့် ကားများမှာလည်း ရက်ကြာမြင့်မှုကြောင့် အသီးများမှာ လတ်ဆတ်မှု မရှိတော့ခြင်းကြောင့် အခက်အခဲဖြစ်နေကြောင်း မူဆယ် (၁၀၅) မိုင်၊ ကုန်သွယ်ရေးဇုန် သစ်သီးဝလံကုန်စည်ဒိုင်မှ ဥက္ကဋ္ဌ ဦးစိုင်းမြင့်ဖိုလ်က ပြောသည်။ “အရည်အသွေးနဲ့လည်း ဆိုင်တယ်။ နောက်ပြီး ၁၀၅ မိုင်ကနေ တရားဝင် ဝင်တဲ့ လမ်းခရီးမှာလည်း ကြာနေတော့ ကုန်စည်စီးဆင်းမှုကလည်းကျသွားတယ်။ ဒါကြောင့် ဒီရက်ပိုင်းဖရဲဈေးနှုန်းကျနေတယ်” ဟု ဥက္ကဋ္ဌ ဦးစိုင်း မြင့်ဖိုလ်ကပြောသည်။ ယခင် ဖရဲသီး တစ်တန်လျှင် တရုတ်ငွေ ၄၀၀၀ ပတ်ဝန်းကျင်အထိရှိခဲ့ပြီး လက်ရှိတွင် ဖရဲသီးတစ်တန်လျှင် တရုတ်ယွမ်ငွေ ၂၀၀၀ ခန့်ထိ ကျဆင်းသွားကြောင်းသိရသည်။

လက်ရှိတွင် တရုတ်ပြည်သူ့သမ္မတ နိုင်ငံဘက်မှ လူဝင်/လူထွက် ကန့်သတ်ပိတ်ပင်ထားခြင်းကြောင့် ကုန်ပစ္စည်းသာဝင်ခွင့်ပြုထားပြီး ကုန်သည်ပွဲစားများ ဝင်ခွင့်ပြုထားခြင်းမရှိ၍ တရုတ်ပြည်သူ့သမ္မတနိုင်ငံ ဝမ်တိန်သစ်သီးကွင်းအတွင်းသို့ ကုန်ပစ္စည်းများ (ဖရဲ၊ သခွားမွှေး) ဝင်ရောက်ပြီးမှ တရုတ်ဘက်ကုန်သည် ဝယ်လက်များနှင့် ဖုန်းဖြင့်ချိတ်ဆက်ကာသာ ရောင်းချနေရကြောင်း သိရသည်။

သို့ဖြစ်ပါ၍ သစ်သီးကား အစီးရေနည်းပါး သောကာလတွင် အခက်အခဲများစွာမရှိသော်လည်း ဖရဲ၊ သခွားမွှေးတင်ပို့မှု ပမာဏ စတင်များပြားလာမည့်ကာလတွင် စိုက်ပျိုးထုတ်လုပ်တင်ပို့ရောင်းချသူ မြန်မာတောင်သူများမှာ ထိုက်တန်သည့်ဈေးနှုန်း မရရှိဘဲ နစ်နာဆုံးရှုံးမှုများစွာ ကြုံတွေ့လာနိုင်ကြောင်း ဖရဲစိုက်တောင်သူများနှင့် လုပ်ငန်းရှင်များက သုံးသပ်ကြသည်။ ထို့ကြောင့် မူဆယ် (၁၀၅) မိုင် ကုန်သွယ်ရေးဇုန်အခြေစိုက် သစ်သီးပွဲရုံကိုယ်စားလှယ် အနည်းဆုံး (၂-ဦး) မှ အများဆုံး (၅) ဦးအထိ တရုတ်ပြည်သူ့ သမ္မတနိုင်ငံ ဝမ်တိန်သစ်သီး အရောင်းကွင်းတွင် ယာယီအခြေချ လုပ်ငန်းလုပ်ကိုင်ခွင့်ရရှိရန် ယူနန်ပြည်နယ် အစိုးရအဖွဲ့နှင့် ညှိနှိုင်းကူညီ ဆောင်ရွက်ပေးနိုင်ရေး သက်ဆိုင်ရာသို့ မူဆယ် (၁၀၅ ) မိုင်၊ ကုန်သွယ်ရေးဇုန် သစ်သီးဝလံ ကုန်စည်ဒိုင်မှ တင်ပြထားကြောင်းသိရသည်။

ထို့ပြင် မြန်မာနိုင်ငံအရပ်ရပ်မှ မြန်မာတောင်သူများ စိုက်ပျိုးထုတ်လုပ်တင်ပို့သော သစ်သီးဝလံကုန်တင်ကားများ ရှမ်းပြည်နယ်အတွင်းသို့ ဝင်ရောက်လာရာတွင် (Standard Operating Procedure-SOP) အရ ကျန်းမာရေး စစ်ဆေးမှု ဆောင်ရွက်နေသော လမ်းပိုင်းစခန်းများတွင် (Rapid Antigen Diagnostic Test Kits) ဖြင့် စစ်ဆေးရာ၌ ကုန်စိမ်း (ပုပ်သိုးလွယ်) သစ်သီးကုန်တင် မော်တော်ယာဉ်များအား ဦးစားပေးစနစ်ဖြင့် အမြန်စစ်ဆေး ဆောင်ရွက်ပေးနိုင်ပါရန် တင်ပြထားကြောင်း သိရသည်။ တောင်သူခြံရှင် ကုန်သည်များအနေဖြင့် လက်ရှိကာလတွင် လမ်းခရီးဘယ်လောက်ကြာမည်ကို ခန့်မှန်းရခက်ခဲ သောကြောင့် ကိုယ်လုပ်နိုင်သည့်ဘက်မှ ကြိုတင်ပြင်ဆင်မှုများ ဆောင်ရွက်ထားသင့်ကြောင်း၊ ရာသီဥတုမှာ နေပူပြင်းပြီး ရက်ကြာနိုင်သည့်အတွက် ဇကာစိမ်းများ အုပ်ဆိုင်လာသင့်ကြောင်း၊ ရှမ်းသီးများအနေဖြင့် အသီးမှည့်မှ တင်ဆောင်လာ သင့်ကြောင်း ကုန်စည်ဒိုင်များမှ အသိပေးထားသည်။

“အခုချိန်ပြည်က ဈေးကွက်က မရှိသေးဘူး။ ပြည်ပကိုပဲ ပို့ရတဲ့အချိန်ဆိုတော့ အခုလမ်းခရီးမှာ အချိန်ကြန့်ကြာရင် ပုပ်သိုးလွယ်တဲ့ အသီးတွေကတော့ ဆုံးရှုံးမှုတွေရှိလာမယ်။ တရုတ်ကဝယ်နေလို့ ဖရဲတောင်သူတွေ အသက်ရှူချောင်နေတာ။ တရုတ်က သူတို့ဘက်မှာ အသီးပေါ်ရင် အရည်အသွေး သေချာစစ်ဝယ်တာ။ နောက် ပြည်တွင်းမှာ အသီးတွေပေါ်လာရင် ဒီအခက်ခဲတွေရှိ ဒီလိုသာဆက်ဖြစ်နေရင် တောင်သူတွေ အခက်တွေ့မယ်” ဟု ဖရဲ စိုက်တောင်သူတစ်ဦးကပြောသည်။ လက်ရှိ ဖရဲသီးအား ပြည်ပသို့ တန်ချိန်တစ်ထောင်နီးပါးသာ တင်ပို့ထားနိုင်သေးကြောင်းသိရသည်။

**Source: http://htwettoe.com/article-details/news/10490831**

## မြဝတီနယ်စပ်တွင် နှစ်နိုင်ငံဝင်ထွက်ခွင့်ကန့်သတ်လိုက်ခြင်းကြောင့် ထိုင်းနိုင်ငံမှသွင်းကုန်များ ဈေးနှုန်းမြင့်တက်လာနိုင်




မြဝတီနယ်စပ်တွင် COVID-19 ရောဂါ ကူးစက်ခံထားရသူ တွေ့ရှိခဲ့သောကြောင့် နှစ်နိုင်ငံ ဝင်ထွက်သွားလာခွင့်များ ကန့်သတ်လိုက်၍ ကုန်သွယ်ရေးထိခိုက်ခဲ့ရာ ထိုင်းနိုင်ငံမှ သွင်းကုန်များ ဈေးနှုန်းမြင့်တက်လာနိုင်ကြောင်း ဒေသခံ ကုန်သည်များ၏ ပြောပြချက်အရသိရသည်။

မြဝတီ-မဲဆောက်နယ်စပ်၌ မြန်မာနိုင်ငံသား ကုန်တင်ယာဉ်မောင်းသုံးဦးနှင့် မြန်မာနိုင်ငံမှ ပြန်ဝင်လာသူ ထိုင်းနိုင်ငံသား သုံးဦးတို့တွင် ရောဂါပိုးတွေ့ရှိ၍ အောက်တိုဘာ ၁၁ ရက်မှ စကာ နှစ်နိုင်ငံအဝင် Border Control Facility (BCF Zone) အတွင်း ကုန်ပစ္စည်းများကို အချိန်းအပြောင်းပြုလုပ်ပြီး တင်သွင်း၊ တင်ပို့မှုများ ပြုလုပ်နေခြင်းနှင့် ကုန်တင်ယာဉ်များကိုလည်း နှစ်နိုင်ငံဝင်ထွက်ခွင့်ကန့်သတ်လိုက်ခြင်းတို့ကြောင့် ကုန်စည် စီးဆင်းမှု နှောင့်နှေးကြန့်ကြာလာခြင်း ဖြစ်သည်။

လက်ရှိတွင် မြဝတီ-မဲဆောက် ကုန်သွယ်ရေးမှာ ၃၅ ရာခိုင်နှုန်းမှ ၅၀ ရာခိုင်နှုန်းကြားသာ ကုန်သွယ်မှုပြု လုပ်နိုင်ပြီး ကုန်စည်များ အဝင်နည်းလာနိုင်ကာ နောက်ဆက်တွဲအနေဖြင့် ထိုင်းနိုင်ငံမှတင်သွင်းနေသည့် သွင်းကုန်များ ဈေးနှုန်းမြင့်တက် လာနိုင်ကြောင်း သိရသည်။ “BCF Zone အတွင်းမှာပဲ ထိုင်းက ကားနဲ့ မြန်မာကားပြောင်းတဲ့အခါ ခေါက်တို ကားငှားလို့မရဘူး။

မြဝတီမှာ ခေါက်တိုကားသိပ်မရှိဘူး။ ရန်ကုန်၊ မန္တလေး၊ တောင်ကြီးအားလုံးက တိုက်ရိုက်ဆင်းပြီးသွားကြတယ်။ အခု မြို့တွင်းခေါက်တိုကားဆိုတော့ အဆင်မပြေဘူး။ ကုန်သွယ်မှုကတော့ မရပ်သေးဘူး။ ဒါပေမဲ့ အဝင်အထွက်ကားတွေ နည်းသွားတယ်။ မြဝတီမှာ ခေါက်တိုကားအရေအတွက်နည်းတာကြောင့် ကုန်သည်တွေ အခက်တွေ့နေရတယ်” ဟု မြဝတီ နယ်စပ်ကုန်သည်ကြီးများ အသင်းဥက္ကဋ္ဌ ဒေါ်သင်းသင်းမြတ်ကပြောသည်။

ထိုင်း-မြန်မာနယ်စပ် ကုန်သွယ်ရေးတွင် မြန်မာနိုင်ငံဘက်မှ လယ်ယာထွက်ကုန်နှင့် ရေထွက်ကုန်ပစ္စည်းများကို အဓိက တင်ပို့နေပြီး ထိုင်းနိုင်ငံဘက်မှ ဆောက်လုပ်ရေးသုံးပစ္စည်း၊ အိမ်သုံးကုန်ပစ္စည်း၊ လူသုံးကုန်ပစ္စည်းနှင့် စားသောက်ကုန်ပစ္စည်း များကို တင်သွင်းနေကြောင်းသိရသည်။ ယခင်က မြဝတီနယ်စပ်၌ ပို့ကုန်သွင်းကုန်ယာဉ်အစီးရေ ၅၀၀ ကျော်အထိ ဝင်ထွက် သွားလာနေရာမှ လက်ရှိတွင် ယာဉ်အစီးရေ ၁၀၀ ကျော်သာ ကုန်သွယ်မှုပြုလုပ်နေကြောင်းသိရသည်။

**Source:** https://www.myawady.net.mm/node/3232

## ယခုဘဏ္ဍာနှစ် ၁၀ ရက်အတွင်း နယ်စပ်ကုန်သွယ်မှုသည် ပြီးခဲ့သည့်နှစ် ကာလတူထက် ဒေါ်လာသန်း ၁၀၀ ကျော်လျော့နည်း

အိမ်နီးချင်းနိုင်ငံများတွင် COVID-19 ရောဂါထိန်းချုပ်ရေး အရှိန်မြှင့်လုပ်ဆောင်လာခြင်းကြောင့် နယ်စပ်ကုန်သွယ်ရေး လုပ်ငန်းများ အခက်အခဲဖြစ်လာ ပြီး ၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ် ၁၀ ရက်အတွင်း ကုန်သွယ်မှုတန်ဖိုးသည် ပြီးခဲ့သည့် ဘဏ္ဍာနှစ်ကာလတူထက် ဒေါ်လာသန်း ၁၀၀ ကျော် လျော့နည်းသွားသည်။ ထိုင်း၊ တရုတ်အပါအဝင် အိမ်နီးချင်းနိုင်ငံများနှင့် ပြီးခဲ့သည့်ဘဏ္ဍာနှစ် ၁၀ ရက်အတွင်း ဒေါ်လာသန်း ၁၉၀ ကျော် ကုန်သွယ်နိုင်ခဲ့သော်လည်း ယခုဘဏ္ဍာနှစ်တွင် ဒေါ်လာသန်း ၈၀ကျော်သာ ကုန်သွယ်နိုင်ကြောင်း စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနစာရင်းများတွင် ဖော်ပြထားသည်။ “တရုတ်နဲ့ကုန်သွယ်မှုက လျော့တာများတယ်။ ကပ်ရောဂါထိန်းချုပ်မှုတွေကြောင့်ဖြစ်ရတာပါ”ဟု စီးပွားရေးနှင့်ကူးသန်း ရောင်းဝယ်ရေးဝန်ကြီးဌာန ပြောရေးဆိုခွင့်ရှိသူ ဦးခင်မောင်လွင်ကပြောသည်။ ကပ်ရောဂါထိန်းချုပ်ရေးအတွက် ထိုင်းနိုင်ငံက မြဝတီနယ်စပ်ကုန်သွယ်ရေးလမ်းကြောင်းကို အောက်တိုဘာ ၁၈ ရက်က စတင်ပြီး တစ်ပတ်ကြာပိတ်လိုက်သဖြင့် ကုန်စည် ပို့ဆောင်ရေးလုပ်ငန်းများ ရပ်ဆိုင်းထားရမည်ဖြစ်သည်။

မြန်မာနိုင်ငံမှ ကုန်တင်ယာဉ်မောင်းများ ကပ်ရောဂါကူးစက်ခံရမှုများဖြစ်နေခြင်းကြောင့် ထိုင်းနိုင်ငံမှဒေသခံများ ဆန္ဒပြ တောင်းဆိုသဖြင့် နှစ်နိုင်ငံနယ်စပ်ကုန်သွယ်ရေးကို ထိုင်းအာဏာပိုင်များက ခေတ္တရပ်နားလိုက်ခြင်းဖြစ်သည်။ မြန်မာ-ထိုင်း နယ်စပ်ကုန်သွယ်ရေးလမ်းကြောင်းများထဲတွင် မြဝတီ၊ မဲဆောက်ကုန်သွယ်ရေးလမ်းကြောင်းသည် လူသုံးကုန်စည်များ၊ စားသောက်ကုန်များ အပြန်အလှန်ကုန်သွယ်နေသော နယ်စပ်ကုန်သွယ်ရေး လမ်းကြောင်းကြီးဖြစ်သည်။ စီးပွားရေးမြို့တော် ရန်ကုန်နှင့်နီးသဖြင့် မြန်မာ-ထိုင်း နယ်စပ်ကုန်သွယ်ရေးတွင် ကုန်သွယ်မှုအများဆုံး လမ်းကြောင်းတစ်ခု ဖြစ်သည်။ အစိုးရ၏ တရားဝင် စာရင်းများအရ မြဝတီ၊ မဲဆောက် နယ်စပ်ကုန်သွယ်ရေးလမ်းကြောင်းမှ တစ်ရက်လျှင် ဒေါ်လာ ၃ ဒသမ ၃ သန်း ကျော် ကုန်သွယ်မှုလုပ်ငန်းများ လုပ်ဆောင်ခဲ့သည်။ မြဝတီ- မဲဆောက် နယ်စပ်ကုန်သွယ်ရေးတွင် မြန်မာနိုင်ငံမှ ပို့ကုန် တင်ပို့မှုထက်ထိုင်းနိုင်ငံမှ လူသုံးကုန်ပစ္စည်းများ အပါအဝင် သွင်းကုန်ပမာဏ ပိုများသည်။ ယခုဘဏ္ဍာနှစ် ၁၀ ရက် အတွင်း စီးပွားကူးသန်းဝန်ကြီးဌာနကထုတ်ပြန်သောစာရင်းအရ မြန်မာ-တရုတ်နယ်စပ်ကုန်သွယ်ရေးမှ ကုန်သွယ်မှုတန်ဖိုး ဒေါ်လာသန်း ၇၀ ကျော် လျော့နည်းသွားသည်။

မြန်မာနိုင်ငံ၏ ကုန်သွယ်မှုအများဆုံး နယ်စပ်ကုန်သွယ်ရေးလမ်းကြောင်းဖြစ်သည့် မူဆယ်-ရွှေလီ နယ်စပ်ကုန်သွယ်ရေးမှ ဘဏ္ဍာနှစ် ၁၀ ရက်အတွင်း ကုန်သွယ်မှုတန်ဖိုး ဒေါ်လာသန်း ၄၀ ခန့်ရှိနေသည်။ ပြီးခဲ့သည့် ဘဏ္ဍာနှစ်ကာလတူက ကုန်သွယ်မှု တန်ဖိုး ဒေါ်လာသန်း ၁၁၀ ကျော်သည်။ မူဆယ်-ရွှေလီ ကုန်သွယ်မှုလျော့နည်းခြင်းမှာ ကပ်ရောဂါနှင့်ပတ်သက်၍ ကျန်းမာရေး စစ်ဆေးမှုများကြောင့် ကုန်စည်ပို့ဆောင်ရေးလုပ်ငန်းများ နှေးကွေးသဖြင့် ကုန်သွယ်မှုတန်ဖိုးကျဆင်းခြင်းဖြစ်သည်။

**Source:** https://7day.news/detail?id=202641

## အစိုးရက ရခိုင်နှင့်တိုင်း ၃ တိုင်း၌ သတ်မှတ်စျေးဖြင့် စပါးဝယ်မည်



အစိုးရသတ်မှတ်ထားသော အခြေခံရည်ညွှန်းစျေးဖြင့် နိုဝင်ဘာလမှစ၍ ရန်ကုန်တိုင်း၊ ပဲခူးတိုင်း၊ ဧရာဝတီတိုင်းနှင့် ရခိုင်ပြည်နယ်တို့တွင် စပါးများ စတင်ဝယ်ယူသွားမည်ဟု စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီး ဌာန ပြောရေးဆိုခွင့်ရှိသူ ဦးခင်မောင်လွင်က ဧရာဝတီသို့ပြောသည်။ "တိုင်းနဲ့ ပြည်နယ်တွေ ဝယ်ယူမယ့်ပမာဏအလိုက် တင်ပြထားတာ ရှိတယ်။ ဒီအတိုင်း ကျနော်တို့က ဝယ်ယူမယ်။ နိုင်ငံတော်ကနေ စပါးဝယ်ဖို့ ကျပ် ဘီလီယံ ၂၀ တောင်းထားတယ်။ ဒါကို မူတည်ပြီးမှ စပါးဝယ်ယူသွားမှာ။ အခုစပါးစျေးက အောက်ကျတဲ့အနေအထား မရှိသေးပေမယ့် စပါးတွေ အများကြီး ထွက်လာလို့ စျေးကျမယ်ဆိုရင် ဝယ်လို့ရအောင် ကြိုပြီး ဆောင်ရွက်တာဖြစ်တယ်" ဟု ၎င်းကရှင်းပြသည်။

အဆိုပါ အစိုးရ သတ်မှတ်စျေးနှင့် စပါးဝယ်ယူရေးအတွက် ဆန်စက်လုပ်ငန်းရှင်များ၊ စက်ပိုင်များကို နိုင်ငံပိုင်သတင်းစာမှ တဆင့် တင်ဒါခေါ်ယူထားပြီး ယခုအောက်တိုဘာလကုန်တွင် တင်ဒါ အောင်မြင်မည့်ကုမ္ပဏီကိုရွေးချယ်ကာ စပါးဝယ်ယူရေး အစီအစဉ်များကို ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ၎င်းကဆိုသည်။ အစိုဓာတ် ၁၄ ရာခိုင်နှုန်း ရှိ၍ အဖျင်းအမှော်၊ ဖုန်၊ သဲ၊ ခဲ ကင်းစင်ပြီး အရည်အသွေးဆိုင်ရာ သတ်မှတ်စံချိန် စံညွှန်းများနှင့် ကိုက်ညီသည့် ၁ တင်း (၄၆) ပေါင်ကိုက် စပါးတင်း (၁၀၀) ၏ အခြေခံရည်ညွှန်းစျေးနှုန်းကို ကျပ်ငွေ ၅ သိန်း ၂ သောင်း အဖြစ် တောင်သူလယ်သမားအခွင့်အရေးကာကွယ်ရေးနှင့် အကျိုးစီးပွား မြင့်တင်ရေး ဦးဆောင်အဖွဲ့က သတ်မှတ်ထားသည်။ ပြီးခဲ့သည့် ၂၀၁၉ ခုနှစ်တွင် ကျပ် ၁၅ ဘီလီယံထုတ်ယူပြီး တိုင်းဒေသကြီး ၃ ခုတွင် ဝယ်ယူခဲ့သော်လည်း အမှန်တကယ် ကျပ် ၇ ဘီလီယံကျော်သာ ဝယ်ယူခဲ့ကြောင်း စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာနကသိရသည်။ ယခုနှစ်တွင် ရခိုင်ပြည်နယ် ပါလာသည့်အတွက် ကျပ် ၂၀ ဘီလီယံ အသုံးပြုပြီး ဝယ်ယူရန် နိုင်ငံတော်သို့ တင်ပြထားသည်ဟုဆိုသည်။

ယခုနှစ်တွင် အစိုးရ၏ ဘတ်ဂျက်လျာထားချက်နှင့် တိုင်းဒေသကြီး ၃ ခုနှင့် ရခိုင်ပြည်နယ်တို့တွင် စပါးတင်းပေါင်း ၃၈ သိန်းခန့် ဝယ်ယူရန်မှန်းထားကြောင်း မြန်မာနိုင်ငံ ဆန်စပါးအသင်းချုပ် ဒုဥက္ကဋ္ဌ ဦးအောင်သန်းဦးကပြောသည်။ "ကျပ် ဘီလီယံ၂၀ သတ်မှတ်ထားပေမယ့် အခြေခံ စျေးအောက်မရောက်ဘူးဆိုရင် အကုန်လုံး ဝယ်စရာ မလိုဘူး။ အခြေခံ စျေးအောက် ရောက်ရင်တော့ အကုန်လုံး ဝယ်မှာပါ။ အဓိကတော့ ကောက်စောပေါ်ရင် စပါးစျေး ကျတတ်တာကြောင့် အရင်နှစ်တွေထက် ပိုပြီး စောဝယ်နိုင်အောင် စီမံတာပါ။ ဧရာဝတီတိုင်း တခုထဲတင် စပါးတင်းပေါင်း ၉ သိန်း ၇ သောင်း ဝယ်ဖို့ လျာထားတယ်" ဟု ၎င်းက ပြောသည်။ လက်ရှိစပါးများသည် ၅၀ ရာခိုင်နှုန်းခန့် ဝင်းမှည့်သည့်အနေအထားရှိနေပြီး နောက်ထပ်ဆယ့်လေးငါးရက်ဆိုလျှင် ရိတ်သိမ်းကာ လှိုင်လှိုင်ပေါ်မည့် အခြေအနေရှိနေကြောင်းသိရသည်။

မြန်မာနိုင်ငံ တောင်သူလယ်သမားအသင်းဥက္ကဋ္ဌ ဦးသိန်းအောင်က "အခု စပါးတွေက ရိတ်နေကြပြီ။ အောက်တိုဘာ လကုန်လောက်ဆိုရင်ပဲ ဆင်းသုခ၊ ရက်ကိုးဆယ်၊ ရတနာသိုးစတဲ့ သက်ရင့်စပါးတွေက တော်တော်ကြီးကိုကုန်သလောက် ဖြစ်သွားမှာ။ ဒါကြောင့် ကျနော်တို့အနေနဲ့ အစိုးရစပါးဝယ်ယူရေးကို မြန်မြန်လုပ်ပေးစေချင်ပါတယ်" ဟု ဧရာဝတီသို့ပြောသည်။ ဆက်လက်၍ ၎င်းက "ဝယ်မယ့်နေရာမှာလည်း အခုက မိုးနဲ့ဆိုတော့ အခြောက်ခံဖို့ နေလှန်းဖို့ တောင်သူမှာ အဆောက်အအုံ၊ စက်မရှိတဲ့အတွက် အခြောက်ခံစက်ရှိတဲ့ ကုန်သည်ကိုပဲ တိုက်ရိုက်ထိုးရောင်းရတာဖြစ်တဲ့အတွက် စပါးတင်း ၁ ရာကို ကျပ် ၄ သိန်း ၈ သောင်းနဲ့ ကျပ် ၅ သိန်း စျေးလောက်နဲ့ ရောင်းနေရတယ်။ မြို့နဲ့ဝေးပြီး သယ်ယူပို့ဆောင်ရေးခက်တဲ့ နေရာတွေမှာဆိုရင် ကျပ် ၄ သိန်း ၅ သောင်းလောက်နဲ့ပဲ ရောင်းနေရတယ်"ဟု လက်ရှိ စပါးစျေးကွက် အခြေအနေကို ရှင်းပြသည်။

လက်ရှိ တောင်သူရောင်းချနေသော စပါး၏အစိုဓာတ်မှာ အဆ ၂၀ ရှိနေပြီး ရာသီဥတုအခြေအနေအရရှိသေးသဖြင့် အစိုးရ ဝယ်ယူပေးမည်ဆိုပါကလည်း မြန်မြန်အကောင်အထည်ဖော်ဆောင်ရွက်ပေးစေလိုကြောင်းလည်း ဦးသိန်းအောင်ကပြောသည်။ သို့တည်းမဟုတ် အချိန်ဆွဲကာ တိုင်ပင်ရခြင်း၊ ငွေချပေးသည့်ကာလ စောင့်မျှော်ရခြင်းများ လုပ်ဆောင်နေမည်ဆိုလျှင် ယခင်နှစ် များသို့ပင် တောင်သူစပါးပေါ်ချိန်၊ တောင်သူလက်ထဲ စပါးရှိချိန်တွင် အစိုးရဝယ်ယူပေးခြင်းမဟုတ်ဘဲ ကုန်သည်၊ စက်ပိုင်များ လက်ထဲက စပါးကိုသာဝယ်ပေးသည့်သဘော ဖြစ်သွားမည်ဟု လယ်သမားများက ပြောဆိုသည်။

ပြီးခဲ့သည့်နှစ် မိုးစပါးပေါ်ချိန်တွင် စပါးဈေးကျဆင်းခဲ့ခြင်းကြောင့် အစိုးရစပါးဝယ်ယူခဲ့သော်လည်း ဝယ်ယူချိန်သည် နောက်ကျသဖြင့် လယ်သမားအများစု အခက်အခဲများတွေ့ခဲ့ရသည်။ တောင်သူလယ်သမားအသင်းဥက္ကဋ္ဌ ဦးသိန်းအောင်က "ဒီနှစ်ကတော့ သူတို့ ဝယ်မယ်ပြောတာ လအားဖြင့်တော့ နည်းနည်း စောတယ်။ ဒါပေမယ့် အခြေအနေအရတော့ အခုထိတောင် အကောင်အထည်မဖော်နိုင်အောင် မရှိသေးရင် နည်းနည်းနောက်ကျတယ်လို့ပြောရတယ်" ဟု သုံးသပ်ပြောဆိုသည်။ ဆန်စက်ပိုင်ရှင်များကို တောင်သူများထံမှ အခြေခံဈေးဖြင့် စပါးဝယ်ပေးနိုင်ရန် အစိုးရက တင်ဒါများချပေးမည်ဖြစ်ပြီး ဆန်စက်ပိုင်ရှင်များက ဆန်အဖြစ်ကြိတ်ခွဲပြီးလျှင် အစိုးရထံ ပြန်လည်ပေးသွင်းရမည်ဖြစ်သည်။

**Source: https://burma.irrawaddy.com/news/2020/10/19/231964.html**

## ခရစ်စမတ် ခါတော်မီအထည်ချုပ်အော်ဒါများ တရုတ်နိုင်ငံသို့ ရွှေ့ပြောင်း

အချို့ကမ္ဘာလုံးဆိုင်ရာ အမှတ်တံဆိပ်များသည် ကူးစက်ရောဂါဖြစ်ပွားမှုကာလအတွင်း အမှာစာများကို ရောင်းအားတက်သည့် ခရစ်စမတ်ကာလအမီ ချုပ်လုပ်ပြီးစီး ထုတ်လုပ်နိုင်စေဖို့ တရုတ်နိုင်ငံသို့ ရွှေ့ပြောင်းမှာကြားကြသည်။ တရုတ်နိုင်ငံ Guangdong မှ ထုတ်လုပ်ရေးအချက်အချာရှိ စက်ရုံတစ်ခုသည် အတွင်းခံအဝတ်အစား ၈၀၀,၀၀၀ အတွက် အမှာစာ ရရှိခဲ့သည်။ ဥရောပသမဂ္ဂဈေးကွက်အတွက် ခရစ်စမတ်အမီ အတွင်းခံအဝတ်အစားများကိုလိုချင်သည်။ တရုတ်နိုင်ငံမှ ထုတ်လုပ်သူတို့က အချိန်မီထုတ်လုပ်ပေးနိုင်သည်။ Coronavirus ကူးစက်ပျံ့နှံ့မှုအား မြင့်တက်နေသည့် ကမ္ဘာလုံးဆိုင်ရာ အထည်အလိပ်နှင့်အထည်ချုပ်ကုန်ပစ္စည်းကွင်းဆက်သည် ခရစ်စမတ်ကာလအထိ ရောဂါကိုတွန်းလှန်နေရသော အခြေအနေမျိုးမှာ ရှိနေနိုင်သည်။ ဥရောပသမဂ္ဂ ဈေးကွက်အတွက် အတွင်းခံအဝတ်အစားများ ထုတ်လုပ်ပေးသော အိန္ဒိယနိုင်ငံတွင် ကုန်ထုတ်လုပ်မှုများ ကိုဗစ်ကြောင့် ကျဆင်းနေ သည်။ သို့ဖြစ်ရာ တရုတ်နိုင်ငံသို့ အာရုံစူးစိုက်မှုကို ရွှေ့ပြောင်းစေခဲ့သည်။

Guangdong ပြည်နယ်ရှိ တရုတ်နိုင်ငံ၏ထုတ်လုပ်မှုအချက်အချာနေရာဖြစ်သော Zhaoqing မြို့တွင် နိုင်ငံရပ်ခြားမှ အရည်အသွေးမြင့် နာမည်ကြီးတံဆိပ်များအတွက် ထုတ်လုပ်ပေးနေကျဖြစ်သော အတွင်းခံအဝတ်အစားစက်ရုံမှ အလုပ်အမှုဆောင်တစ်ဦးက ဧပြီလနှင့်မေလများတွင် ပြည်ပပို့ကုန်အမှာစာမရှိကြောင်း၊ လုပ်သားများလျှော့ချခဲ့ရကြောင်း၊ သို့သော် ဩဂုတ်လနှင့် ပြီးခဲ့သည့်လက အရှေ့တောင်အာရှတွင် ကိုဗစ်ကူးစက်ပျံ့နှံ့မှုဆက်လက်ဖြစ်ပွားနေသောကြောင့် နိုင်ငံခြား အမှာစာများ သူ့စက်ရုံထံ ပြန်လည်ရောက်ရှိလာသည်ဟုပြောပြသည်။ "အီးယူဈေးကွက်အတွက် လာမယ့်လမှာ အတွင်းခံအဝတ်အစား အစုံပေါင်း ရှစ်သိန်းမှာယူပါတယ်၊ လာမယ့်လမှာ ငါတို့အရမ်းအလုပ်များကြလိမ့်" ဟု မီဒီယာများနှင့်ပြောဆိုခွင့်မရှိသဖြင့် အမည်မဖော်လိုသူ အမှုဆောင်အရာရှိက ပြောကြားခဲ့သည်။

ဟောင်ကောင်အခြေစိုက် ဖက်ရှင်ရင်းမြစ်ဖြင့် အသက်မွေးသူ Gaurav Sharma က အိန္ဒိယနိုင်ငံတွင် လော့ဒေါင်းချခြင်းသည် ခရစ်စမတ်အတွက် အမှာစာများပေးပို့ခြင်းကို အကြီးအကျယ်ထိခိုက်ခဲ့သည်ဟု ပြောကြားခဲ့သည်။ ပုံမှန်အားဖြင့် အဝတ်အစားများသည် နိုဝင်ဘာလတွင် မှာကြားသူသူများထံ ရောက်ရှိရန်လိုအပ်သည်။ သို့မှသာ ဒီဇင်ဘာလတွင် စင်တင်ရောင်းချနိုင်ဖို့ အချိန်မီ စီစဉ်နိုင်မည်ဖြစ်သည်။ "အိန္ဒိယအထည်အလိပ်လုပ်ငန်းနဲ့ အထည်ချုပ်လုပ်ငန်းမှာ ကျွန်တော်နဲ့အလုပ်လုပ်နေတဲ့ လူတိုင်းဟာ ခုခံကာကွယ်မှု ပုံစံနဲ့နေနေကြရတယ်။ သူတို့ နှစ်ဖက်စလုံးရှိ ပြဿနာများကို နားလည်ကြတယ်။ တစ်ဖက်မှာ ဖောက်သည်များထံမှ အမှာစာများနည်းပါးလာတယ်။ အခြားတစ်ဖက်မှာ သူတို့သည်ထုတ်လုပ်မှုနှင့်ပတ်သက်လို့ မသေချာဘူး။ လော့ဒေါင်းဖြစ်ခဲ့ရင် အချိန်မီထုတ်လုပ်ပေးနိုင်မှာ မဟုတ်ဘူး။ သူတို့က ထုတ်လုပ်မှုလိုင်းများကို လျှော့ချထားကြရတယ်။ မြန်မြန်ပြီးမယ့် အမှာစာမျိုးတွေကိုပဲ လက်ခံတယ်။ ကာလတိုအတွင်း အပြီးချုပ်လုပ်ပြီး ထုတ်လုပ်ကြတယ်" ဟု သူကပြောသည်။

တရုတ်အဝတ်အထည်တင်ပို့သည့် ထုတ်လုပ်သူ Lisa Cai က လတ်တလောလများအတွင်းမှာဘင်္ဂလားဒေ့ရှ်၊ ဗီယက်နမ်နှင့် အိန္ဒိယမှ အမှာစာများကို တရုတ်နိုင်ငံမှ ပြန်လည်ရရှိခဲ့သော်လည်း အများစုမှာ လာမည့်ခရစ်စမတ်နှင့် Thanksgiving အားလပ်ရက်များအတွက် ခါတော်မီ ရေတိုမှာယူမှုများဖြစ်ကြောင်း ပြောကြားခဲ့သည်။ ကူးစက်ရောဂါ၏ သက်ရောက်မှုကြောင့် အရှေ့တောင်အာရှရှိ ထုတ်လုပ်မှုစွမ်းရည်များ ထိုးကျနေသည်ဟု သူကထောက်ပြသည်။

"ကူးစက်ပျံ့နှံ့တာ ပြီးသွားတာနဲ့ ချက်ချင်းပဲ အဲဒီမှာရှိတဲ့စက်ရုံတွေဟာ ထုတ်လုပ်မှုကို ပြန်လည်စတင်နိုင်မှာဖြစ်ပြီး တရုတ်ပြည်က မှာယူမှုတွေ အဲဒီကိုပြန်ရောက်ကုန်မယ်"ဟု Cai ကပြောကြားခဲ့သည်။ နောက်ဆုံးတွင် တရုတ်ကုမ္ပဏီများသည် အဝတ်အထည်ထုတ်လုပ်ခြင်းတွင် အလယ်အလတ်နှင့် အနိမ့်ဆုံးကုန်ကျစရိတ် အားသာချက်ကို မရရှိထားသဖြင့် အမှာစာများ လာမည်မဟုတ်။ ပိုဆိုးစေသည်မှာ တင်သွင်းသည့် ဈေးကွက်အဝင်တွင် အကောက်ခွန်စည်းကြပ်ရာတွင် သက်ညှာမှုရရှိထားသောနိုင်ငံများကို ဦးစားပေးရွေးချယ်ကြခြင်းဖြစ်သည်။

**Source: scmp.com**

https://www.textiledirectory.com.mm/industry

## ရန်ကုန်ရွှေဈေးကွက် အောက်တိုဘာလ ၂၂ ရက်တွင် ပြန်ဖွင့်မည်ဟု ရွှေလုပ်ငန်းရှင်များအသင်းဥက္ကဋ္ဌပြော



ကိုဗစ်ကြောင့် အရောင်းအဝယ် ခေတ္တရပ်နားထားသော ရန်ကုန်ရွှေဈေးကွက်ကို အောက်တိုဘာလ ၂၂ ရက်တွင် ပြန်လည်ဖွင့်လှစ်မည်ဖြစ်ကြောင်း ရန်ကုန်တိုင်းဒေသကြီး ရွှေလုပ်ငန်းရှင်များအသင်းမှသိရသည်။ လက်ရှိတွင် ရွှေဘုံသာလမ်းရှိ ရန်ကုန်တိုင်းဒေသကြီး ရွှေလုပ်ငန်းရှင်များအသင်းရုံးတွင် အသင်းသူ အသင်းသားများက အောက်တိုဘာလ ၁၂ ရက်မှစ၍ အရောင်းအဝယ်စတင်လုပ်ဆောင်နေကြောင်းသိရသည်။ "ကျွန်တော်တို့ မြို့နယ်ကျော်တွေသွားတာက အောက်တိုဘာလ ၂၁ ရက်နေ့ နောက်ဆုံးဆိုတော့ ၂၁ ရက် နောက်ပိုင်းကျရင်တော့ ဆိုင်တွေလည်းပြန်ဖွင့်မယ်။ အသင်းရုံးမှာလည်း အရောင်းအဝယ်ပြန်လုပ်ကြမယ်။ ဒါကြောင့် ၂၂ ရက်နေ့ ပြန်ဖွင့်မယ် မှန်းထားတယ်"ဟု ရန်ကုန်တိုင်း ဒေသကြီး ရွှေလုပ်ငန်းရှင်များအသင်းဥက္ကဋ္ဌ ဦးမျိုးမြင့်ကပြောသည်။

ပြီးခဲ့သည့် စက်တင်ဘာလ ၅ ရက်ကစ၍ ကိုဗစ် ရောဂါကူးစပ်ပျံ့ပွားမှုကြောင့် ရန်ကုန်ရွှေဈေးကွက်ကို ခေတ္တရပ်နားခဲ့ရာ ရပ်နားချိန်တွင် ပြည်တွင်း အခေါက်ရွှေ တစ်ကျပ်သားလျှင် ကျပ် ၁၃ သိန်းကျော်ရှိပြီး ၊ အရောင်းအဝယ် ပြန်လည်စတင်ခဲ့သည့် အောက်တိုဘာလ ၁၂ ရက်တွင်လည်း ကျပ် ၁၃ သိန်းကျော်ဖြင့် ဈေးစဖွင့်ခဲ့ကြောင်း သိရသည်။ ကမ္ဘာ့ရွှေဈေးမှာ တစ်အောင်စလျှင် အမေရိကန် ဒေါ်လာ ၁၉၀၁ ဒေါ်လာရှိပြီး ပြည်တွင်း အခေါက်ရွှေတစ်ကျပ်သားလျှင် ကျပ် ၁၃၁၃၅၀၀ ဖြစ်သည်။ ရန်ကုန်ရွှေဈေးကွက် ရပ်နားထားသော်လည်း ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ မိမိအိမ်အတွင်းဖွင့်လှစ်ထားသည့် ရွှေအရောင်းဆိုင်များမှာမူ ရပ်နားခြင်းမရှိဘဲ အဝယ်ထက်အရောင်းများ လက်ခံနေရကြောင်းလည်းသိရသည်။

**Source:** http://www.fifthwavenews.com/fwn/55672

## မြန်မာ့ ချင်း(ဂျင်း)စိမ်း အမေရိကန်ဝယ်လိုအားရှိသော်လည်း အရည်အသွေးကြောင့် အနည်းငယ်သာတင်ပို့နိုင်

(ဂျင်း) စိမ်းကို အမေရိကန်က တန်ချိန် ၁၀၀ ကျော် ဝယ်ယူလိုသော်လည်း အရည်အသွေးလိုအပ်ချက်ကြောင့် နှစ်စဉ် ၁ တန်ခန့်သာတင်ပို့နိုင်သည်ဟု ရှမ်းပြည်နယ်တောင်ပိုင်း ကုန်သည်စက်မှုအသင်း၊ လယ်ယာစီးပွားဖွံ့ဖြိုးတိုးတက်ရေးကော်မတီ အတွင်းရေးမှူး ဦးစိုင်းဖြိုးလွင်ဦးကပြောသည်။ "အချိန်တစ်ခုတော့ယူရမယ်။ ရောဂါကင်းတဲ့ မျိုး၊ အရည်အသွေး ပြည့်တဲ့ မျိုး ထုတ်ပေးနိုင်ဖို့ လိုတယ်။ ဒါကို နားလည်တဲ့ အစိုးရသုတေသန၊ ပုဂ္ဂလိကဘက် ရင်းနှီးမြှုပ်နှံသူတွေကနေ မျိုးကောင်းကောင်း ပေးဖို့ လိုတယ်။ မျိုးကောင်းကောင်း ရရင် ကျန်တာဆက်လုပ်လို့ရပြီ'' ဟု ၎င်းကပြောသည်။

မြန်မာနိုင်ငံတွင် စိုက်ပျိုးနေသည့်ဂျင်းမျိုးသည် နီပေါနိုင်ငံမှ အင်္ဂလိပ်ခေတ်က ယူဆောင်လာခဲ့သည်ဟုခန့်မှန်းရပြီး ဂျင်းမျိုးနှင့်ပက်သက်ပြီး သုတေသနလုပ်ဆောင်ထားခြင်းမရှိကြောင်း၊ စိုက်ပျိုးစနစ်နှင့်ပက်သက်၍လည်း စိုက်ပျိုးသည့်ပုံစံနှင့် ရောဂါဘယများကြောင့် အရည်အသွေးနှင့်ပတ်သက်လျှင် အားနည်းလာခဲ့သည်ဟု ၎င်းကဆိုသည်။ ၂၀၁၈ နှင့် ၂၀၁၉ ခုနှစ်များတွင် အမေရိကန်က ဂျင်းစိမ်း တန်ချိန် ၁၀၀ ကျော် ဝယ်လိုသော်လည်း ၁ တန်ခန့်သာ တင်ပို့နိုင်ခဲ့သည်ဟုသိရသည်။

ပြည်ပသို့ ဂျင်းတင်ပို့ရန်စိုက်ပျိုးမည်ဆိုပါက ဂျင်းမျိုးကို ပြန်လည်ဆောင်ရွက်ခြင်း သို့မဟုတ် ထိုင်းနိုင်ငံကဲ့သို့ ပြည်ပမှ ဂျင်းမျိုးမှာယူစိုက်ပျိုးခြင်းတို့ကို လုပ်ဆောင်နိုင်သော်လည်း ဆောင်ရွက်မည်ဆိုပါက ၃ နှစ်ခန့်အချိန်ယူရမည်ဟု ဦးစိုင်းဖြိုးလွင်ဦးကပြောသည်။ ဂျင်းစိမ်းကို အရည်အသွေး အပြည့်အဝဖြင့် ပြည်ပတင်ပို့နိုင်ရန် ငွေကြေးအပြင် ဂျင်းနှင့်ပတ်သက်သည့် သုတေသနလည်း လုပ်ဆောင်ပေးရန်လိုအပ်ပြီး ရောဂါကင်းသည့် ဂျင်းမျိုးရရှိရန်လိုအပ်မည်ဖြစ်သည်။ ရှမ်းပြည်နယ်တောင်ပိုင်းတွင် လက်ရှိဂျင်းစိုက်ပျိုးသည့် အိမ်ထောင်စု ၅၀၀၀ ခန့်ရှိပြီး ဂျင်းစိုက်ဧက ၁၀၀၀၀ ဝန်းကျင်ရှိသည်။ လာမည့်ငါးနှစ်တာကာလအတွင်း တစ်နှစ်လျှင် တန်ချိန် ၁၀၀၀၀ ကျော်ထွက်ရှိလာရန် ရည်မှန်းထားသည်ဟု ဦးစိုင်းဖြိုးလွင်ဦးကပြောသည်။ မြန်မာ့ဂျင်းကို အခြောက်လှန်းကာ အီးယူသို့တင်ပို့နေသည့် ဈေးကွက်လည်းရှိနေပြီး အိန္ဒိယကုမ္ပဏီများကဆောင်ရွက်နေသည်ဟု သိရသည်။

**Source:** https://myanmar.mmtimes.com/news/145293.html

## ကလော၊ ညောင်ရွှေ၊ ကျိုင်းတုံ၊ လားရှိုးနှင့် သီပေါမြို့များကို ခရီးသွားမြို့များအဖြစ် ဖော်ဆောင်မည်

COVID-19 ကာလအလွန် ခရီးသွားကဏ္ဍတိုးတက်လာစေရန် ရှမ်းပြည်နယ်အတွင်းရှိ မြို့ ၅ မြို့ကို ခရီးသွားမြို့များအဖြစ် အကောင်အထည်ဖော်နေကြောင်း ရှမ်းပြည်နယ် စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီး ဦးစိုးညွန့်လွင်ကပြောသည်။ ရှမ်းပြည်နယ်တောင်ပိုင်းရှိ ကလောမြို့နှင့် ညောင်ရွှေမြို့၊ ရှမ်းပြည်နယ်အရှေ့ပိုင်းရှိ ကျိုင်းတုံမြို့၊ ရှမ်းပြည်နယ်မြောက်ပိုင်းရှိ လားရှိုးမြို့နှင့် သီပေါမြို့များအား ခရီးသွားမြို့အဖြစ် ဖော်ဆောင်သွားမည်ဖြစ်သည်။ ''ခရီးသွားမြို့ဆိုတာ နာမည်တစ်ခုပါပဲ။ သူ့မှာပါရမယ့် အင်္ဂါရပ်ရှိမယ်။ သက်မှတ်ထားတဲ့ အချက်တွေရှိမယ်။ အဲဒီအချက်တွေနဲ့ပြည့်စုံအောင် အစိုးရကလုပ်ပေးမယ်။ ခရီးသွားလာချင်အောင်လုပ်ပေးမယ်'' ဟု ဝန်ကြီး ဦးစိုးညွန့်လွင်ကပြောသည်။

COVID-19 အလွန် New Normal ကာလအတွက် ရှမ်းပြည်နယ် Tourism Master Plan ကိုလည်း ရေးဆွဲထားပြီး ဖြစ်သည်။ နိုင်ငံခြား ခရီးသွားများအတွက် နှုန်းထားများကိုလည်း တပြေးညီသတ်မှတ်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ဝန်ကြီးကပြောသည်။ ထို့ပြင် ပြည်တွင်း၊ ပြည်ပ ဧည့်သည်များ ကျေးလက်နေ တိုင်းရင်းသားများ၏ စာပေ၊ ယဉ်ကျေးမှု၊ ဂီတ၊ အနုပညာအမျိုးမျိုး၊ ကျေးလက်အစားအစာ အမျိုးမျိုးနှင့် ဒေသထွက်ကုန်များကို သွားရောက် လေ့လာနိုင်ရန်လည်း ရည်ရွယ်ထားသည်ဟုဆိုသည်။ လက်ရှိတွင် One Township One Village အစီအစဉ်အရ ရန်ပုံငွေဘက်ဂျက် သီးသန့်ထားကာ ကလောမြို့၊ ညောင်ရွှေမြို့နှင့် လားရှိုးမြို့တို့၌ CCTV တပ်ဆင်ခြင်း၊ ပျော်ရွှင်ဖွယ်ကောင်းလာစေရန် မြို့အင်္ဂါရပ်နှင့်အညီ တည်ဆောက်ခြင်းတို့ကို ဆောင်ရွက်ခဲ့သကဲ့သို့ ခရီးသွားဧည့်သည်များအပေါ် ဆွဲဆောင် နိုင်သည့် မြို့များအဖြစ် ဖော်ဆောင်နေသည်ဟု ဆိုသည်။ ရှမ်းပြည်နယ် ဟိုတယ်နှင့် ခရီးသွားကဏ္ဍ ဖွံ့ဖြိုးရေးအတွက် ဘတ်ဂျက်သုံးစွဲမှုအဖြစ် နှစ်စဉ် ဘက်ဂျက် သိန်း ၁၀၀၀ နှင့် အင်းလေးလေလံမှရရှိသည့် အင်းလေးရန်ပုံငွေမှ ၅ ရာခိုင်နှုန်းကို သုံးစွဲလျက်ရှိသည်။ ''ကိုဗစ်အလွန်မှာ ခရီးသွားကဏ္ဍအတွက် ဘက်ဂျက်ပိုသုံးစွဲရမယ်။ သုံးကို သုံးစွဲရမယ်။ ပြည်ထောင်စုကလည်း ဘက်ဂျက်ရှာမပေးနိုင်ဘူး။ ကိုယ့်ပြည်နယ်တိုးတက်ဖို့ ကိုယ်ပဲဖန်တီးရမှာပေ့ါ '' ဝန်ကြီး ဦးစိုးညွန့်လွင်ကပြောသည်။

ရှမ်းပြည်နယ်အရှေ့ပိုင်းနှင့်တောင်ပိုင်းကို ချိတ်ဆက်ထားသည့် ပြည်ထောင်စု လမ်းမကြီးပေါ်တွင် နိုင်ငံခြား ခရီးသွားဧည့်သည်များ သွားလာနိုင်ခွင့် ရရှိရန် ကာကွယ်ရေးဝန်ကြီးဌာနထံ တင်ပြထားကြောင်း၊ ကနဦးအနေဖြင့် package tour အဖြစ် လမ်းကြောင်း စေလွှတ်သွားရန် ပြင်နေပြီး ကျိုင်းတုံမြို့မှ တစ်ဆင့် ကလော၊ ညောင်ရွှေ ဒေသများသို့ လာရောက် လည်ပတ်နိုင်ရန် စီစဉ်နေသည်ဟုလည်း ၎င်းက ဆိုသည်။

ထိုင်းနိုင်ငံဘက်မှ ခရီးသွားများ ကုန်းကြောင်းဖြင့် ရှမ်းအရှေ့ဒေသမှ ကလော၊ အင်းလေး ဒေသများသို့ လာရောက်နိုင်မည်ဖြစ်ပြီး လမ်းတစ်လျှောက်တွင် လည်ပတ်နိုင်ရန် ရှမ်းပြည်နယ်အစိုးရက စီစဉ်ထားသည်။ ရှမ်းပြည်နယ်အရှေ့ပိုင်း မြို့တော်ဖြစ်သည့် ကျိုင်းတုံမြို့ကိုလည်း သန့်ရှင်းလှပသည့်မြို့အဖြစ် ဖန်တီးနိုင်ခဲ့ပြီးဖြစ်ကာ ပတ်ဝန်းကျင် အနီးအနားတွင် Eco-Tourism ကဏ္ဍလုပ်ဆောင်နိုင်သည့် နေရာများစွာရှိနေကြောင်း ဦးစိုးညွန့်လွင်ကဆိုသည်။ ရှမ်းပြည်နယ် ခရီးသွားကဏ္ဍအတွက် တရုတ်၊ ထိုင်းနိုင်ငံတို့မှ ဈေးကွက်ကို ရယူနိုင်အောင် ကြိုးပမ်းမည် ဖြစ်ကြောင်း၊ COVID-19 အလွန် New Normal ကာလတွင် ပြောင်းလဲသွားမည့် ခရီးသွားကဏ္ဍကို တည်ဆောက်နိုင်ရန် ရှမ်းပြည်နယ် ဟိုတယ်နှင့် ခရီးသွားလုပ်ငန်းရှင်များနှင့် ဆွေးနွေးကာ

ရွေးကောက်ပွဲအပြီး လက်ကျန် အစိုးရသက်တမ်း ၄ လခန့်အတွင်း အကောင်အထည် ဖော်မည်ဟုလည်း ၎င်းက ပြောသည်။ ကလောမြို့နှင့်တောင်ကြီးမြို့တို့သည် Clean Tourist city Award ဆုများကို ရရှိထားပြီး အာဆီယံ နိုင်ငံများ၌ နေထိုင်သင့်သည့် Oxygen concentration ရာနှုန်း အများဆုံးဆုကိုလည်း ရှမ်းပြည်နယ် မြို့တော် တောင်ကြီးမြို့ကရရှိထားသည်။

**Source:** https://myanmar.mmtimes.com/news/145290.html

## တရုတ်အမျိုးသားနေ့ပွဲတော်ရက် ပြီးဆုံးသွားသော်လည်း နှစ်နိုင်ငံကုန်သွယ်စီးဆင်းမှု ယခင်ထက်ကြန့်ကြာမှုဖြစ်နေ

မူဆယ် တရုတ်-မြန်မာနယ်စပ် မူဆယ်ဒေသ သည် တရုတ်နိုင်ငံဘက်မှ လမ်းပန်း ဆက်သွယ်ရေး လမ်းကြောင်းများ၊ နယ်စပ်ဂိတ် ဖြတ်ကျော် မှုစနစ်များ၊ ကုန်တင်ယာဉ်အဝင်အထွက်စနစ်များ ကို အမျိုးမျိုးပြုပြင်ပြောင်းလဲ ကန့်သတ်ပိတ်ပင် တားဆီးမှုများ ကြောင့် နှစ်နိုင်ငံ ကုန်တင်ယာဉ် များအနေဖြင့် အခက်အခဲဖြစ်ပေါ်ပြီး ကုန်စည်စီးဆင်းမှု နှေးကွေးလျက်ရှိ သည်။ တရုတ်- မြန်မာ ကုန်သွယ်စီးဆင်း မှုသည် တရုတ်အမျိုးသားနေ့နှင့် ရိုးရာ မုန့်စားပွဲတော်ရက် မကျင်းပမီက နှစ် နိုင်ငံဘက်မှ ကုန်တင်ယာဉ် တစ်ရက် လျှင် အစီးရေ ၅၀၀ ထက်မနည်းဝင် ထွက်သွားလာနေရာမှ အောက်တိုဘာ ၁ ရက်မှ ၈ ရက်အထိ တရုတ်အစိုးရက ရိုးရာပွဲတော်ရက်ကို ကျင်းပနိုင်ရေး အတွက် နယ်စပ်ဂိတ် ကုန်တင်ယာဉ် များ အဝင်အထွက်ကို ခေတ္တပိတ်ထား သည်။

သို့သော် တရုတ်အမျိုးသားနေ့နှင့် မုန့်စားပွဲတော်ရက် ပြီးဆုံးသွားသည့်နောက်ပိုင်း နှစ်နိုင်ငံကုန်သွယ်စီးဆင်းမှု ပုံမှန်အတိုင်း ပြန်လည် စီးဆင်းနေသော်လည်း တရုတ်နိုင်ငံဘက်မှ ဂိတ်အဝင်အထွက်နှင့် ယာဉ်မောင်းအချိန်းအပြောင်းများ တိုင်းငွေတိုး ကောက်ခံမှုတွေကို အမျိုးမျိုး ပြောင်းလဲနေသောကြောင့် ကုန်တင်ယာဉ်အဝင်အထွက်မှာ တစ်ရက်လျှင် အစီးရေ ၁၀၀ ကျော် သာ ဝင်ထွက်သွားလာနိုင်ကြောင်းသိရသည်။ "အရင်အခြေအနေနဲ့ အခုအခြေအနေ ကုန်တင်ယာဉ်ပြေးဆွဲမှုက အလွန်ကို ကွာခြားသွားပြီ။ အခုဆိုရင် ကုန်တင်ကားမောင်းသူတွေ၊ ယာဉ် နောက်လိုက်တွေ၊ အတော်များများ အခက်အခဲတွေ ရှိနေကြ တယ်။ ကျွန်တော်တို့ ကားမောင်းသူတွေအနေနဲ့ ဟိုဘက်ကို မောင်းယူသွားတဲ့ ကိုယ့်ရဲ့ကား ပြန်ရောက်မလာမချင်း ကြုံသလိုအိပ်၊ ကြုံသလို စားပြီး စောင့်ဆိုင်းနေရတယ်။ ပြီးတော့အရင်ကဆိုရင် တရုတ်ထဲကို မောင်းနှင် ယူသွားတာ အများဆုံး ခုနစ်ရက် လောက်ပဲ ကြာပါတယ်။ အခုဆိုရင် ၁၅ ရက်လောက်ကြာမှ ပြန်ထွက်လာရတယ် "ဟု ကုန်တင်ယာဉ်မောင်း များ အခက်အခဲကို မန္တလေး - မူဆယ် ပြေးဆွဲနေသည့် ကုန်တင်ယာဉ်မောင်း ဦးအောင်စိုးကပြောသည်။

တရုတ်အမျိုးသားနေ့နှင့် မုန့်စားပွဲတော်ရက် ပြီးဆုံးသွားသည့် နောက်ပိုင်း မူဆယ် (၁၀၅)မိုင် ကုန်သွယ်ရေးဇုန် ကုန်ပစ္စည်း စစ်ဆေးရေးကွင်းအတွင်းသို့ တရုတ်သွားမည့် ပို့ကုန်ယာဉ်များသာ အဝင်များနေသည်ကိုတွေ့ရပြီး မြန်မာဘက်ခြမ်းသို့ သွင်းကုန်ယာဉ် ဝင်ရောက်မှုက ယခင်ထက်လျော့ နည်းနေသေးကြောင်းနှင့် အောက်တို ဘာ ၁၆ ရက်က ပို့ကုန်ယာဉ်ကြီး ၃၄၄ စီး၊ ဒေသသုံးယာဉ် ၂၂ စီး နှင့် ဖရဲ ၂၈ စီးဝင်ရောက်ခဲ့ပြီး သွင်းကုန်ယာဉ် ကြီး ၁၂၂ စီး၊ ယာဉ်ငယ် တစ်စီး၊ ဒေသ သုံး ၁၁ စီး ဝင်ရောက် ခဲ့ပြီး ပို့ကုန်/သွင်းကုန်ယာဉ် နှစ်ခုပေါင်း ကုန်တင်ကား အစီးရေ ၄၉၈ စီး ဝင်ရောက်ခဲ့ကြောင်းသိရသည်။

**Source:** https://www.facebook.com/MYANMAALINNNEWS/

## အာဆီယံနိုင်ငံများနှင့် ကျန်းမာရေးပူးပေါင်းဆောင်ရွက်မှု ပိုမိုအားကောင်းလာသည့် ကွမ်ရှီးကျွမ့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ

ကွမ်ရှီးကျွမ့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသတွင် တရုတ်-အာဆီယံ ပြည်သူ့ကျန်းမာရေးဆက်သွယ်မှုနှင့်ပူးပေါင်း ဆောင်ရွက်ရေးစင်တာတည်ဆောက်ရေးအား အရှိန်မြှင့်တင်ရန်နှင့် အာဆီယံနိုင်ငံများနှင့် ပူးပေါင်းဆောင်ရွက်မှု ပိုမိုနက်ရှိုင်း စေရန် တရုတ်-အာဆီယံ ကျန်းမာရေးပူးပေါင်းဆောင်ရွက်မှုဖိုရမ်ကဲ့သို့ ပေါင်းကူးဆက်သွယ်ပေးသည့် platformများအား အပြည့်အဝ အသုံးပြုသွားမည်ဟု ကွမ်ရှီးကျန်းမာရေး ကော်မရှင်၏ ညွှန်ကြားရေးမှူး Liao Pinhuက ကြေငြာထားပါသည်။

ကွမ်ရှီးသည် ကိုရိုနာကပ်ရောဂါဖြစ်ပွားစဉ်ကတည်းက အာဆီယံနိုင်ငံများနှင့် ဆေးဘက်ဆိုင်ရာနည်းလမ်းများ ပံ့ပိုးပေးရန် ကမ်းလှမ်းခြင်းနှင့် အတွေ့အကြုံများအား မျှဝေပေးခြင်းတို့ကို စုဖွဲ့ဆောင်ရွက်ပေးလျက်ရှိပါသည်။ ကပ်ရောဂါအား တွန်းလှန်ရေး အာဆီယံနိုင်ငံများသို့ ကူညီပေးရန် ပထမဆုံးဆေးဘက်ဆိုင်ရာအဖွဲ့ကို စေလွှတ်ခဲ့သည့် ဒေသလည်းဖြစ်ပါသည်။

ကွမ်ရှီးအနေနှင့် အဓိကကပ်ရောဂါများနှင့် ပြည်သူ့ကျန်းမာရေးအရေးပေါ် ကိစ္စများဖြစ်ပွားမှုမှ ကာကွယ်ရန်နှင့် ထိန်းချုပ်ရန်၊ သတင်းအချက်အလက်နှင့် နည်းနာ နိဿရည်းများအား အပြန်အလှန်ဝေမျှမှုကို မြှင့်တင်ရန် အာဆီယံနိုင်ငံများနှင့် ပူးပေါင်း ဆောင်ရွက်မှုယန္တရားအား အမြင့်ဆုံးဖြစ်စေရန် ဆက်လက်ဆောင်ရွက်သွားမည်ဟု Liaoက ပြောကြားထားပါသည်။

နိုင်ငံတော်အဆင့်ရေကြောင်းအရေးပေါ် ဆေးဝါးကယ်ဆယ်ရေးအသင်းအား အခြေပြုလျက် အပြည်ပြည်ဆိုင်ရာ ဆေးဝါးကယ်ဆယ်ရေးအသင်းကိုလည်း ကွမ်ရှီးက တည်ထောင်သွားမည်ဖြစ်ပါသည်။

ယခုအခါ နန်နင်းနှင့်ကွမ်ရှီးတွင် တရုတ်-အာဆီယံ ဆေးရုံပူးပေါင်းဆောင်ရွက်မှုအား တည်ထောင်ထားပြီးဖြစ်ကာ၊ အာဆီယံနိုင်ငံများ၊ ရပ်ဝန်းနှင့်ပိုးလမ်းမနိုင်ငံများမှ ဆေးဘက်ဆိုင်ရာဝန်ထမ်းများအတွက် သင်တန်းများကို တက်ကြွစွာအကောင်အထည်ဖော်ဆောင်ရွက်ပေးလျက်ရှိပါသည်။

ထို့ပြင် လာမည့် (၁၇)ကြိမ်မြောက် တရုတ်-အာဆီယံကုန်စည်ပြပွဲကာလအတွင်း တတိယအကြိမ်မြောက် တရုတ်-အာဆီယံကျန်းမာရေးပူးပေါင်းဆောင်ရွက်မှုဖိုရမ်နှင့် ဆက်စပ်နေသည့်ဖိုရမ်ငယ်များအား ကျင်းပသွားမည်ဖြစ်ပါသည်။

**Source: en.gxzf.gov.cn** (၂၉-၉-၂၀၂၀)

**စီးပွားရေးသံမှူး-မြန်မာသံရုံး၊ တရုတ် (နန်နင်း)**

## ကိုရိုနာကပ်ရောဂါပြန့်ပွားနေချိန်အတွင်း ဂျပန်ရှိ အစိုးရ-ပုဂ္ဂလိက ပူးပေါင်းဆောင်ရွက်သည့် ရန်ပုံငွေအဖွဲ့အစည်းများက ရင်းနှီးမြှုပ်နှံမှုမြှင့်တင်ရန်ကြိုးပမ်း

ဂျပန်နိုင်ငံရှိ အစိုးရ-ပုဂ္ဂလိကပူးပေါင်းဆောင်ရွက်သည့် Japan Investment Corp. (JIC) ကဲ့သို့ ရန်ပုံငွေအဖွဲ့အစည်းများသည် ကိုရိုနာဗိုင်းရပ်စ်ကပ်ရောဂါကြောင့် စီးပွားရေးလုပ်ငန်းဝင်ငွေများ ကျဆင်းမှုနေချိန်တွင် ရင်းနှီးမြှုပ်နှံမှုများ မြှင့်တင်နိုင်ရန် ကြိုးပမ်း ဆောင်ရွက်နေကြပါသည်။

အစိုးရကနိုင်ငံတော်ရန်ပုံငွေကိုအသုံးပြုကာ လုပ်ငန်းလည်ပတ်မှု အကျပ်အတည်း ရင်ဆိုင်နေကြရသည့် ကုမ္ပဏီများကို ငွေလုံးငွေရင်း ပံ့ပိုးပေးခြင်းဖြင့် လုပ်ငန်းအသစ်များ ဆောင်ရွက်နိုင်ရန်နှင့် ဒေသတွင်းစီးပွားရေး အင်အားပြန်လည်ပြည့်တင်းလာရန် အစီအစဉ်များကို ချမှတ်ဆောင်ရွက်နေပါသည်။ သို့သော်လည်း လုပ်ငန်းသေနေသည့် စီးပွားရေး လုပ်ငန်းများ တိုးပွားလာသည့်အတွက် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုသည် မရေရာမသေချာဖြစ်နေမှုအပေါ် အာရုံစိုက်မှုများ မြင့်တက်လာပါသည်။

JIC ၏ ဥက္ကဋ္ဌဖြစ်သူ Keisuke Yokoo ကငင်းတို့အနေဖြင့် လုပ်ငန်းသေနေသည့် စီးပွားရေးလုပ်ငန်းများကို ပံ့ပိုးထောက်ပံ့မည်မဟုတ်ဘဲ လုပ်ငန်းအမျိုးအစားသစ်ကို ထိထိရောက်ရောက် ပြောင်းလဲလုပ်ကိုင်မည့် ကုမ္ပဏီများကိုသာ JIC ၏ ရင်းနှီးမြှုပ်နှံမှုထောက်ပံ့ငွေနှင့် ချေးငွေများပံ့ပိုးပေးသွားမည်ဟု ပြောကြားခဲ့ပါသည်။ အစိုးရက JIC နှင့် ပြည်တွင်းရှိ စီးပွားရေး ပြန်လည်အားကောင်းလာစေရေးအဖွဲ့အစည်းများ (REVIC,) အတွက် ခိုင်မာမှုရှိစေရေး အစီအမံများကို ပြီးခဲ့သည့် ဇွန်လက အတည်ပြုပေးခဲ့ပါသည်။ အစိုးရအနေဖြင့် ရင်းနှီးမြှုပ်နှံမှုကဏ္ဍကိုမြှင့်တင်ရန် ရန်ပုံငွေအဖွဲ့အစည်းကြီးနှစ်ခုဖြစ်သည့် JIC အတွက် ယန်း ၃ ထရီလီယံနှင့် REVIC အတွက် ယန်း ၂.၅ ထရီလီယံ ခွင့်ပြုပေးခဲ့ပါသည်။

ပြီးခဲ့သည့် နွေရာသီက JIC အနေဖြင့် အလတ်စားစီးပွားရေးလုပ်ငန်းများနှင့် အကြီး စားစီးပွားရေးလုပ်ငန်းများအတွက် ရင်းနှီးမြှုပ်နှံမှုရန်ပုံငွေအပါအဝင် ကိုရိုနာကပ်ရောဂါ အကျပ်အတည်းကာလအတွင်း ဒစ်ဂျစ်တယ်နည်းပညာအသုံးချဆောင်ရွက်မှု ကျယ်ပြန့်လာစေရန်နှင့် စီးပွားရေးလုပ်ငန်းများ ပြန်လည်ချိန်ညှိရေးတို့အတွက် အထောက်အပံ့ဖြစ်စေမည့် ဦးစီးဦးဆောင်ပြုမှု အစီအစဉ်များကို စတင်ဆောင်ရွက်ခဲ့ပါသည်။

JEVIC အနေဖြင့် ကြွေးမြီများလျော့ချပေးမည့် အစီအစဉ်အပါအဝင် စီးပွားရေးလုပ်ငန်းကြီးများ ပြန်လည်ရှင်သန်ရေး စီမံချက်ကို ဆောင်ရွက်ရန်ပြင်ဆင်နေပါကြောင်း၊ ၂၀၁၀-၂၀၁၁ ခုနှစ်က JEVIC အား ယခင်ဦးဆောင်ခဲ့သူက ဂျပန်လေကြောင်းလိုင်းများနှင့်ပတ်သက်၍ စီးပွားရေးလုပ်ငန်းများပြန်လည်ရှင်သန်စေရေးအစီအစဉ်ကို ဦးဆောင်အကောင် အထည်ဖော်ဆောင်ရွက်ခဲ့ပါသည်။

ကိုရိုနာကပ်ရောဂါ အကျပ်အတည်းကာလအတွင်း ခရီးသွားလုပ်ငန်းအခြေပြု စီးပွားရေးလုပ်ငန်းများ၊ စားသောက်ဆိုင်လုပ်ငန်းဆောင်ရွက်သူများ၊ လေကြောင်းလိုင်းများ၏ ဝင်ငွေကျဆင်းသွားခဲ့ပါသည်။ အစိုးရက ၎င်းလုပ်ငန်းများအတွက် ဘဏ္ဍာရေးပိုင်း ပံ့ပိုးဆောင်ရွက်မှုများအဖြစ် အစိုးရကဦးဆောင်သည့် ဘဏ်ချေးငွေ ယန်း ၄၀ ထလီရီယံဖြင့် ထောက်ပံ့ပေးခဲ့ပါသည်။ သို့သော်လည်း ကြီးမားသည့် ချေးငွေများသည် ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းအသစ်များဆောင်ရွက်မှုနှင့် ကုမ္ပဏီများ၏ လုပ်ငန်းပြောင်းလဲ ဆောင်ရွက်မှု တို့အတွက် များစွာ အဟန့်အတား ဖြစ်စေပါသည်။

စီးပွားရေးလုပ်ငန်း ပြန်လည်ထူထောင်ရေး ကျွမ်းကျင်ပညာရှင်များက တစ်စတစ်စ တိုးပွားလာသည့်ကုမ္ပဏီများအတွက် ကြွေးမြီကင်းလွတ်ခွင့်နှင့် ရင်းနှီးမြှုပ်နှံမှုဆောင်ရွက်ရန် ကြွေးမြီကင်းလွတ်သည်ဟူသည့် အတည်ပြုလက်ခံမှုကို တဖြည်းဖြည်းချင်း ခွင့်ပြုပေးသွားလိမ့်မည်ဖြစ်ကာ လုပ်ငန်းအသစ်ပြောင်းလဲဆောင်ရွက်ရန် တိုက်တွန်းလိမ့်မည်ဟု ခန့်မှန်းသုံးသပ်နေကြပါသည်။

အစိုးရ-ပုဂ္ဂလိက ပူးပေါင်းဆောင်ရွက်သည့် ရန်ပုံငွေအဖွဲ့အစည်းများသည် အဆိုပါစီးပွားရေးလုပ်ငန်းများ ပြန်လည်ထူထောင်ရေးကြိုးပမ်းမှုများအတွက် အလားအလာရှိသော ပံ့ပိုးပေးသူများဖြစ်ပါသည်။ တစ်ချိန်တည်းမှာပင် အစိုးရ၏ ရန်ပုံငွေအစီအစဉ်များသည် ထိုရန်ပုံငွေကို အသုံးပြုဆောင်ရွက်ကြသည့် စီးပွားရေးလုပ်ငန်းများအတွက် ဝန်ထုပ်ဝန်ပိုးမဖြစ်စေရန် သတိထားရှောင်ရှားကြရန် လိုအပ်ပါသည်။

REVIC ကို ဆက်ခံသူက ၂၀၁၂ ခုနှစ်တွင် ဂျပန်လေကြောင်းလိုင်း (JAL) ကို စတော့ဈေးကွက်အတွင်း ပြန်လည်ဝင်ရောက်လာစေရန် စုစုပေါင်းပမာဏ ယန်း ၃၀၀ ဘီလီယံကို ပံ့ပိုးပေးခဲ့ပါသည်။ သို့သော် REVIC ၏ ဆက်ခံသူအနေဖြင့် semiconductor ထုတ်လုပ်သူ များကို liquid crystal display ထုတ်လုပ်သည့်လုပ်ငန်းအဖြစ် ပြောင်းလဲဆောင်ရွက်ရန် ကြိုးပမ်းခဲ့မှုတွင် ထိထိရောက်ရောက် အကောင်အထည်ဖော်နိုင်ခြင်းမရှိခဲ့ကြောင်း သိရပါသည်။

**Source: စီးပွားရေးသံမှူး-မြန်မာသံရုံး၊ ဂျပန်**

## အရေးကြီးကုန်စည်များအား အိမ်နီးချင်းနိုင်ငံများမှတစ်ဆင့် သယ်ယူပို့ဆောင်ရန် မီဇိုရမ်ပြည်နယ်အစိုးရက အဆိုပြုခဲ့ခြင်း

အိန္ဒိယနိုင်ငံ အရှေ့မြောက်ဘက်ရှိ မီဇိုရမ်ပြည်နယ်နှင့် အာသံပြည်နယ်တို့ နယ်နိမိတ် ထိစပ်လျက်ရှိသော Vairengte နှင့် Lailapur ဒေသများတွင် နယ်မြေအငြင်းပွားမှုပြဿနာအပေါ် အခြေပြု၍ ၁၇-၁၀-၂၀၂၀ နေ့၌ နှစ်ဘက်ဒေသခံလူမျိုးစုများ အပြန်အလှန် အကြမ်းဖက်ဖျက်ဆီးမှုများဖြစ်ပေါ်ရာမှ ပြည်နယ်နှစ်ခုအကြား ဆက်သွယ်ထားသည့် အဝေးပြေးလမ်းမကြီး ပိတ်ဆို့မှုဖြစ်ပေါ်ခဲ့ပါသည်။

အာသံပြည်နယ်ဘက်ခြမ်းရှိ Lailapur ဒေသခံများက အဓိကဆက်သွယ်ရေးလမ်းကြောင်းဖြစ်သည့် အဝေးပြေးလမ်းမကြီး အမှတ် (၃၀၆) အား ပိတ်ဆို့ထားရှိရာ ပြည်တွင်းရှိ အခြားဒေသများမှ တင်ပို့သည့် LPG ဓာတ်ငွေ့ကဲ့သို့သော လောင်စာနှင့်စက်သုံးဆီများအပါအဝင် အရေးကြီးကုန်စည်များမှာ မီဇိုရမ်ပြည်နယ်သို့ သယ်ယူပို့ဆောင်နိုင်ခြင်းမရှိသဖြင့် ၎င်းတို့အနေဖြင့် မဏိပူရနှင့် တြိပူရပြည်နယ်များအပြင် အိမ်နီးချင်းနိုင်ငံများဖြစ်သည့် မြန်မာနှင့် ဘင်္ဂလားဒေ့ရှ်တို့ကို ဖြတ် သန်း၍ သယ်ယူနိုင်ရေး စဉ်းစားလျက်ရှိကြောင်း မီဇိုရမ်ပြည်နယ် ဝန်ကြီးချုပ် Mr. Zoramthanga က ထုတ်ဖော်ပြောကြားပါသည်။ ၁၉-၁၀-၂၀၂၀ နေ့တွင် ပြည်ထဲရေးဝန်ကြီး Mr. Amit Shah နှင့် တယ်လီဖုန်းဆက်သွယ်ရာ၌ မီဇိုရမ်ပြည်နယ်ရှိ ပြည်သူများအတွက် အသက်သွေးကြောသဖွယ် ဖြစ်သည့် ဆက်သွယ်ရေးလမ်းကြောင်း ပိတ်ဆို့ခံထားရမှုက အခြားသော သယ်ယူပို့ဆောင်ရေး လမ်းကြောင်းများကို ရှာဖွေရန်အကြောင်း ဖြစ်ပေါ်ခဲ့ကြောင်း Mr. Zoramthanga က ပြောဆိုခဲ့ ခြင်းဖြစ်ပြီး Mr. Amit Shah ကမူ နှစ်ဘက်တင်းမာမှု အခြေအနေလျော့ပါးရေး ဗဟိုအစိုးရက ကူညီဆောင်ရွက်ပေးမည်ဖြစ်ကြောင်း ပြောကြားလျက် ထိုကဲ့သို့ ဆောင်ရွက်မည့် အဆိုပြုချက်ကို ငြင်းပယ်ခဲ့ပါသည်။

နယ်မြေဒေသ တည်ငြိမ်အေးချမ်းမှု ရရှိရေးနှင့် ဆက်သွယ်ရေးလမ်းကြောင်း ပြန်လည်ဖွင့်လှစ်နိုင်ရေးအတွက် ၂၂-၁၀-၂၀၂၀ နေ့၌ ပြည်ထဲရေးဝန်ကြီးဌာနမှ အရှေ့မြောက်ဒေသဆိုင်ရာ တွဲဖက်အတွင်းဝန်ဦးဆောင်၍ နှစ်ဘက်ပြည်နယ်

အစိုးရအဖွဲ့များမှ ပြည်ထဲရေးအတွင်းဝန်များပါဝင်သည့် ကိုယ်စားလှယ်များ ညှိနှိုင်းဆွေးနွေးခဲ့ကြကြောင်း၊ ၎င်းဆွေးနွေးပွဲ၌ နယ်မြေအငြင်းပွားမှုကိစ္စရပ်အပေါ် ဆွေးနွေးမှု တစ်စုံတစ်ရာမရှိသော်လည်း အာသံပြည်နယ်ဘက်ခြမ်းသို့ ဝင်ရောက်တပ်စွဲထားသည့် မီဇိုရမ်ပြည်နယ်ဘက်မှ လုံခြုံရေးတပ်ဖွဲ့များအား ပြန်လည်ရုတ်သိမ်းရန် သဘောတူညီမှုရရှိခဲ့ကြောင်း၊ အဝေးပြေးလမ်းမကြီးပေါ်၌ပိတ်မိနေသည့် ကုန်တင်မော်တော်ယာဉ်များ ယခင်အတိုင်း ပုံမှန်သွားလာနိုင်ရေးမှာ ဆက်လက်ဆောင်ရွက်ဆဲဖြစ်ကြောင်းဖြင့် Hindustan Times သတင်းဌာနက ဖော်ပြပါသည်။

အာသံပြည်နယ်နှင့် မီဇိုရမ်ပြည်နယ်တို့အကြား နယ်နိမိတ်ထိစပ်မှုမှာ ၁၆၄.၆ ကီလိုမီတာရှိကြောင်း၊ ၁၉၇၂ ခုနှစ်မတိုင်မီက မီဇိုရမ်ပြည်နယ်သည် အာသံပြည်နယ်၏ နယ်မြေအစိတ် အပိုင်းအဖြစ် ပါဝင်ခဲ့ကြောင်း၊ ထို့နောက် အိန္ဒိယနိုင်ငံ၏ ပြည်ထောင်စုနယ်မြေအဖြစ်မှ ၁၉၈၇ ခု နှစ်၌ သီးခြားအုပ်ချုပ်ပိုင်ခွင့်ရှိသည့် ပြည်နယ်အဖြစ်သို့ ရောက်ရှိလာခဲ့ကြောင်း၊ ၁၈၇၃ ခုနှစ် အရှေ့ဘင်ဂေါဒေသ နယ်မြေစည်းမျဉ်းသတ်မှတ်ချက်အပေါ် အခြေပြု၍ နယ်နိမိတ်အသေးစိတ် ပိုင်းခြားသတ်မှတ်ရန် မီဇိုရမ်ပြည်နယ်က ကြိုးပမ်းလာသည့်နောက်ပိုင်း အတိတ်ကာလတွင် ပြည်နယ်နှစ်ခုကြား အသေးစားထိတွေ့ တိုက်ပွဲဖြစ်ပေါ်မှုများရှိခဲ့ကြောင်း သိရှိရပါသည်။

**Source:** 1. **Looking at Myanmar, Bangladesh supply routes, says Mizoram's Chief Minister Zoramthanga,** 21 **Oct** 2020, **Economic Times**

2. **Northeast border row: Mizoram agrees to pull back forces from Assam, 22 Oct** 2020, **Hindustan Times**

**စီးပွားရေးသံမှူး-မြန်မာသံရုံး၊ နယူးဒေလီမြို့**

## STOCK EXCHANGE (20.10.2020)

YANGON STOCK EXCHANGE

Market Data | Listed Company | Regulations | Learning | Trading | Listing on YSX | About YSX

Home > Market Data > Stock trading data

### Stock trading data

As of 20th Oct. 2020

**Stock trading**

| Name | Code | Close | Change | % Change | Open | High | Low | Trading volume | Trading value (MMK) | No. of listed shares | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|---|
| FMI | 00001 | 9,900 | -100 | -1.00% | 9,900 | 10,000 | 9,900 | 1,011 | 10,009,000 | 27,112,747 | 268,416 |
| MTSH | 00002 | 3,700 | +0 | +0.00% | 3,700 | 3,700 | 3,700 | 437 | 1,616,900 | 38,929,150 | 144,038 |
| MCB | 00003 | 8,000 | +0 | +0.00% | 8,000 | 8,000 | 8,000 | 0 | 0 | 10,400,986 | 83,208 |
| FPB | 00004 | 22,000 | +0 | +0.00% | 22,000 | 22,000 | 22,000 | 184 | 4,048,000 | 2,472,053 | 54,385 |
| TMH | 00005 | 2,800 | +0 | +0.00% | 2,850 | 2,850 | 2,800 | 4,963 | 13,913,300 | 12,823,224 | 35,905 |
| EFR | 00006 | 3,100 | +0 | +0.00% | 3,050 | 3,100 | 3,050 | 538 | 1,667,650 | 19,977,223 | 61,929 |

### Market summary

As of 20th Oct. 2020

**Today's summary**

| Index name | Close | Change | % Change | Open | High | Low | Trading volume (shares) | Trading value (MMK) | No. of listed companies | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|
| MYANPIX | 435.42 | -1.82 | -0.42% | 435.18 | 437.24 | 434.75 | 7,133 | 31,254,850 | 6 | 647,881 |

**Index chart**



## Market Overview

As of 1:00 pm, 20th Oct. 2020

| MYANPIX | 435.42 ▼ 1.82 |
|---|---|
| Total Volume (shares) | 7,133 |
| Total Value (MMK) | 31 mil |
| Listed Company | 6 |
| Market Cap. (MMK) | 647,881 mil |

| Name | Code | Price | Change |
|---|---|---|---|
| FMI | 00001 | 9,900 | ▼ 100 |
| MTSH | 00002 | 3,700 | ▲ 0 |
| MCB | 00003 | 8,000 | ▲ 0 |
| FPB | 00004 | 22,000 | ▲ 0 |
| TMH | 00005 | 2,800 | ▲ 0 |
| EFR | 00006 | 3,100 | ▲ 0 |

TIR